Shan State
Refugee
Committee
(Thai Border)

မေလ ၂၃ရက်နေ့ ၂၀၁၉ခုနှစ်

# ရှမ်း-ထိုင်းနယ်စပ်ရှိဒုက္ခသည်စခန်း နေရာကျဉ်းကြပ်လာခါ လုံခြုံရေးအား ခြိမ်းခြောက်မှုများရှိ

နိုင်ငံတကာအလှူရှင်များရဲ့ စားနပ်ရိက္ခာထောက်ပံ့ပေးမှု(၁)နှစ်ကျော်ဖြတ်တောက်ခံရသည့် ရှမ်း-ထိုင်းနယ်စပ်တလျှောက်ရှိ အိုးမဲ့ အိမ်မဲ့ရွာသူ ရွာသား (၆,၀၀၀)ဧ ကျော်ကို မြန်မာအစိုးရစစ်တပ်နှင့် ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)တို့၏ လုံခြုံရေးခြိမ်းခြောက်များ တိုးမြင့်နေကြောင်းကို ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်နှင့် ရှမ်းပြည်နယ်ဒုက္ခသည်များဆိုင်ရာကော်မတီ (ထိုင်းနယ်စပ်)မှ အစီရင်ခံစာသစ်ထုတ်ဖော်လိုက်ပါသည်။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)နှင့် အပစ်ခတ်ရပ်စဲတည်နေသော်လည်း မြန်မာအစိုးရ တပ်ကက ရှမ်းဒုက္ခသည်များ ခိုလှုံရာစခန်း(၅)ခုတဝိုက်တွင် အင်အားဖြည့်တင်းခြင်း၊ လမ်းသစ်ဆောက်လုပ်ခြင်း၊ ဒရုန်းလွှတ် တင်ခြင်း၊ နှင့် ဖေဖော်ဝါရီလ ၂၀၁၉တွင်ပြည်တွင်းစစ်ပြေးရှောင်များတည်နေရာစခန်း(၂)ခုကို၁၂၀မမလက်နက်ကြီးဖြင့်(၆)ကြိမ်တိတိပစ်ခတ်ခဲ့သည်။စစ်ပြေးဒုက္ခသည်များလည်း ထပ်မံပစ်ခတ်တိုက်ခိုက်မှုမှ ကင်းလွတ်ရန် ပုံးခိုကျင်းများနဲ့ လေ့ကျင့်ခန်းများ ပြင်ဆင်ထားနေဆဲဖြစ်သည်။

ဝပြည် သွေးစည်းညီညွတ်ရေးတပ် မတော် (UWSA)သည်လည်း ရှမ်းပြည်နယ်တောင်ပိုင်း စစ်ပြေးရှောင်စခန်းများအနီးတဝိုက်တွင် နယ်မြေတိုးချဲ့မှုများ ပြုလုပ်နေပါသည်။ ၂၀၁၉ ဖေဖော်ဝါရီလတွင် "ဝ" တပ်က ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)နှင့် နယ်နိမိတ်သဘောတူညီချက်ကို ချိုးဖျက်ပြီး လွိုင်ကော်ဝမ်းစစ်ပြေးရှောင်စခန်းအနီးရှိ တောင်ယာစိုက်ခင်းများကို သိမ်းဆည်းသည်။ စစ်ပြေးရှောင်များလည်း စိုက်ပျိုးမြေရှားပါး၍ ဂမ်းစာ ရှာရခက်ခဲခါ ပိတ်ပင်တားဆီးခံနေရကြောင်း သိရသည်။

ရှမ်းစစ်ပြေးရှောင်စခန်းများအနီးတဝိုက်တွင် ရာနှင့်ချီထူထပ်ရှိနေသည့် မြန်မာအစိုးရစစ်တပ်နှင့် "ဝ" စစ်တပ်ရှိရာကို စစ်အင်အား ဖြည့်သဖြင့် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်ရဲ့ မြေပုံ၌ ရှမ်းပြည်နယ်တောင်းပိုင်းအတွင်း စစ်အင်အားကြီးထွားနေခြင်း၏ အတိုင်းအတာပမာဏကို မီးမောင်းထိုးပြနေပါသည်။

လွန်ခဲ့သော (၂၀) နှစ်က ယခင် မြန်မာစစ်အစိုးရ၏ သွေးခွဲစိုးမိုးအုပ်ချုပ်မှုအောက်တွင် မြောက်အရပ်မှ"ဝ"တိုင်းရင်းသား (၁၂၀,၀၀၀)ကျော် အတင်းပြောင်းရွှေ့အခြေချစေခါ မူလနေထိုင်ကြသော ရှမ်း၊ အားခါ နှင့် လားဟူ တိုင်းရင်းသားကို ဂ တို့က တွန်းထုတ်ဖယ်ရှားပြီး ရှမ်းပြည်တောင်ပိုင်း နယ်နိမိတ်များကို ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)က အခိုင်အမာ ထိန်းချုပ်စိုးမိုးထားသည့် အကျယ်အဝန်းကို မြေပုံ၌လည်း ဖော်ပြထားပါသည်။ ကျေးလက်တွင် ဝမ်းစာစိုက်ပျိုး သည့် သူများသူ၏ မြေကို သိမ်း၍ စစ်တပ်များက ကြီးကြပ်ခါ ရော်ဘာပင်စိုက်ခင်းအဖြစ်သို့ အစားထိုးစိုက်ပြီး အဓိကအားဖြင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချသည်။

အများသိမြင်ကြသည့် လွန်ခဲ့သောလက တရုတ်နယ်စပ်တွင် ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၏ ၃၀ နှစ်ပြည့် အပစ်အခတ်ရပ်စဲရေးအခမ်းအနားတွင် ထိုင်းနယ်စပ်မှ ၁၀ ကီလိုမီတာသာ ကွာဝေးသော မိုင်းတုံမြို့နယ် ဟွေအောရှိ ၎င်းတို့၏ "ဝ"တောင်ပိုင်းစစ်ဌာနချုပ်တွင် အလားတူ ကြီးမားသော ထောင်နဲ့ချီ စစ်အင်အားပြသခြင်းသည် ဒုက္ခသည်များ နေရပ်မပြန်နိုင်ခင် နယ်မြေပြဿနာဖြေရှင်းရန် လိုအပ်သည့် သတိပေးချက်တစ်ခုဖြစ်သည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်နှင့် ရှမ်းပြည်နယ်ဒုက္ခသည်များဆိုင်ရာကော်မတီ (ထိုင်းနယ်စပ်)မှ နိုင်ငံခြားအလှူရှင်အစိုးရများအား အောက်ပါအတိုင်း တောင်းဆိုပါသည်။

**၁။ တိုင်းရင်းသားနယ်မြေအားလုံးအတွင်း စစ်ဆင်ခြင်းနှင့် တိုက်ခိုက်မှုများမှ ရပ်တန့်ရန် အစိုးရတပ်အား ဖိအားပေးရန်၊ သို့မှသာလျှင် အားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ် သစ်ကို စတင်နိုင်မည်။**

**၂။ ရှမ်းပြည် ထိုင်းနယ်စပ်တလျှောက် စစ်ပြေးဒုက္ခသည်များ မူလနေရပ်သို့ ဆန္ဒအလျောက်, ဘေးကင်းလုံခြုံစွာနှင့် နေရပ်အိမ်သို့ စိတ်ချလက်ချ မ ပြန်နိုင် မီ ၎င်းတို့အား အရေးတကြီးလိုအပ်နေသော စားနပ်ရိက္ခာများကို ပြန်လည်ကူညီပေးရန်။**

# မာတိကာ

Page


1. ရှမ်းပြည်တောင်ပိုင်း နယ်စပ်တလျှောက်တွင် နေရာအနှံ့ စစ်အင်အားတည်ဆောက်ဖြန့်ကျက်ထားခြင်း 4

2. လမ်းသစ်များ ဖေါက်၍ စခန်းအား ဝန်းရံပိတ်ဆို့လာသည်။ 7

- မိုင်းထားအတွင်း ဒုက္ခသည်ပြန်လည်နေရာချထားရေးစီမံကိန်း ကျရှုံးခဲ့ခြင်း

3. မကြာသေးမီက မြန်မာအစိုးရစစ်တပ်၏ ထိုးစစ်ပုံစံများ 10

- မိုင်းဆတ်အတွင်းရှိရာ လွိုင်ကော်ဝမ်း စစ်ပြေးရှောင်ဒုက္ခသည်စခန်းသို့ မြန်မာအစိုးရစစ်တပ်က ဒရုန်းလွှတ်တင်ခြင်း
- လွိုင်တိုင်းလျန်းနှင့် လွိုင်လမ် စစ်ပြေးရှောင်ဒုက္ခသည်စခန်းတွေကို မြန်မာအစိုးရစစ်တပ်က အမြောက်ဖြင့် ပစ်ခတ်ခဲ့ခြင်း
- ပစ်ခတ်မှုပြီးနောက်ပိုင်း ရွှေ့ပြောင်းသူများထပ်မံရောက်ရှိ

4. ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) က ရှမ်း-ထိုင်းနယ်စပ်တောင်ပိုင်း နယ်မြေဧရိယာတွင်တပ်စွဲ၍ဝန်းရံပိတ်ဆို့ 14

- မိုင်းတုံအတွင်း အထွတ်မြတ်ထားသော နေရာရှိဗုဒ္ဓစေတီပုထိုးတော်ဆောက်လုပ်ရေးကို ပိတ်ပင်ရန် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ကြိုးစား
- မိုင်းဆတ်အတွင်းရှိ စစ်ပြေးရှောင်ဒုက္ခသည်ရဲ့ စိုက်ပျိုးမြေများအပေါ် ကျူးကျော်
- တောင်ပိုင်း UWSA အဖွဲ့ဌာနချုပ်၌ နှစ် ၃၀ ပြည့်ပွဲအခမ်းအနားတွင် စည်းကားသိုက်မြိုက်စွာ စစ်အင်အားထောင်ဂဏန်းပြသ

5. နိုင်ငံတကာအေဂျင်စီများ၏မြေပုံနှင့်ပတ်သက်ပြီးစိုးရိမ်ပူပန်မှုများ 23

- ရှမ်းဒုက္ခသည်စခန်းများကို မြေပုံမှ ဖယ်ရှားခြင်း
- ပဋိပက္ခကို အထင်မြင်မှားစေသောမြေပုံ

6. နိဂုံးနှင့် အကြံပြုချက်များ 25

# နိဒါန်း

တိုင်းရင်းသားလက်ကိုင်အဖွဲ့များ အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီး ငြိမ်းချမ်းရေးလမ်းစဉ် ပူးပေါင်းလုပ်ဆောင်ပါဝင်သောကြောင့် ယခု ရှမ်းပြည်တောင်ပိုင်းဟာ ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားနေကြရပြီ စစ်ပြေးခိုလှုံသူများအနေဖြင့် နေရပ်ပြန်နိုင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်ပါသည် - ဆိုသည့်မြန်မာအစိုးရရဲ့ ပြောဆိုချက်ကို နိုင်ငံတကာ အလှူရှင်များကလိုက်၍ အောက်တိုဘာလ ၂၀၁၇အတွင်း ထိုင်း-မြန်မာနယ်စပ်၌ ရှမ်းအိုးမဲ့အိမ်မဲ့စစ်ဘေးရှောင်ရှမ်းဒုက္ခသည်များအတွက် စာနပ်ရိက္ခာအကူအညီထောက်ပံ့နေမှုကို ဖြတ်တောက်ရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာအစိုးရ ပြောဆိုချက်နှင့်တကယ့်အဖြစ်မှန်မှာ လုံးဝ ကွဲပြားခြားနားနေပြီး အပစ်အခတ်ရပ်စဲရေးသည်လည်း ခိုင်မာမှုမရှိသည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များပါ ရပ်တန့်နေပြီး မြန်မာအစိုးရတပ်နှင့်တိုင်းရင်းသားလက်နက်ကိုင်တို့ တိုက်ပွဲများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဤအတောအတွင်း၌ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းမှာ မဖြေရှင်းနိုင်သေးသည့် အကြောင်းအရင်းနှစ်ခုမှာ ၁၉၉၆-၁၉၉၈ခုနှစ်တွင် လူဦးရေပေါင်း ၃၀၀,၀၀၀ကျော် အဓမ္မပြောင်းခံရသည့် မြန်မာ အစိုးရစစ် ကြီးမားသော မြေလှန်မီးရှို့လုပ်ဆောင်ခြင်းနှင့် ၁၉၉၉-၂၀၀၁ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းမှာ နေထိုင်ကြသော ထောင်ချီဌာနေတိုင်းရင်းသားများအား တွန်းထုတ်ဖယ်ရှားပြီး ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် UWSAက ယခင် မြန်မာစစ်အစိုးရ၏ သွေးခွဲရေးမဟာဗျူဟာစိုးမိုးအုပ်ချုပ်မှုအောက်တွင်နေထိုင်သော "ဝ"တိုင်းရင်းသား ၁၂၆,၀၀၀ကျော်အား အတင်းနေရာချပေးခြင်းတို့ဖြစ်ပါသည်။

ဩဂုတ်လ ၂၀၁၇ခုနှစ်တွင် မြန်မာ-ထိုင်းနယ်စပ်တလျှောက်တွင် (၆,၀၀၀) ကျော်ရှိ စစ်ပြေးဒုက္ခသည်စခန်း (၆)ခု၏ လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းရင်ဆိုင်ခဲ့ရခြင်းနှင့် စားနပ်ရိက္ခာဖြတ်တောက်လိုက်သည့် အလှူရှင်တို့၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ် ရန်တိုက်တွန်းသည့် "ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများဆက်လက် ဖြစ်ပွားနေသောကြောင့် ရှမ်း-မြန်မာနယ်စပ် ရှိ ဒုက္ခသည် များကို အကူအညီ မဖြတ်တောက်သင့် "(http://www.burmese.shanhumanrights.org/index.php/332-2017-08-31-08-11-49 ) အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့ပါသည်။

တစ်နှစ်ခွဲခန့်ကြာပြီးနောက် ပိုမိုဆိုးရွားလာသောလုံခြုံရေးအခြေအနေမှာပိုဆိုးလာသော်လည်း ရှမ်းပြည်တောင်ပိုင်း စစ်ပြေးဒုက္ခသည်စခန်းအတွက် အလှူရှင်တို့၏ မူဝါဒပြောင်းလဲခြင်းမရှိပါ။ ယခု အဆိုပါခိုလှုံရာစခန်းသည် UN နှင့် INGOတို့၏ လူသားချင်းစာနာထောက်ထားသော မြေပုံ၌ အရေးတကြီးအမှတ်အသားသင်္ကေတပြထားခြင်းမရှိတော့ပါ။

ထို့ကြောင့် ရှမ်း-ထိုင်းနယ်စပ်တလျှောက်တွင်ရှိသော စစ်ပြေးဒုက္ခသည်များ နေရပ်သို့ မပြန်နိုင်ခြင်းနှင့် လက်ရှိ ရှမ်းပြည်တောင်ပိုင်းအတွင်း လုံခြုံရေးအခြေအနေကို ဖော်ပြသည့် ဤအစီရင်ခံစာသစ်ကို ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်နှင့် ရှမ်းပြည်နယ်ဒုက္ခသည်များဆိုင်ရာကော်မတီ(ထိုင်းနယ်စပ်) တို့မှ စုဆောင်းရေးသားရခြင်းဖြစ်ပါသည်။


## ၁။ ရှမ်းပြည်တောင်ပိုင်း နယ်စပ်တလျှောက်တွင် နေရာအနှံ့ စစ်အင်အားတည်ဆောက်ဖြန့်ကျက်ထားခြင်း

ရှမ်းပြည်တောင်ပိုင်းတလျှောက်တွင် အစိုးရတပ်နှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ် (UWSA)တို့၏ အသေးစိတ် မြေပုံအနေအထားကို ဒေသခံသတင်းရင်းမြစ်များမှ နေ့စွဲအား အသုံးပြုပြီး ပြန်ထုတ်ခဲ့ပါသည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)သည် ဒီဇင်ဘာလ ၂၀၁၁ ခုနှစ်မှ အပစ်အခတ်ရပ်စဲရေးလက်မှတ်စတင်ရေးထိုးပြီး ၄င်းနယ်စပ်ဒေသရှိ အစိုးရတပ် စစ်အင်အားပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကို ၄င်းမြေပုံတွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။


စစ်ပြေးရှောင်ဒုက္ခသည်များခိုလှုံလျက်ရှိသော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် RCSS/SSA ၏ ထိန်းချုပ်ရာနယ်မြေကို ဝန်းရံပိတ်ဆို့ပြီး နယ်စပ်အနီး နယ်မြေအတွင်းသို့ ရွှေ့ပြောင်းရန် အပစ်အခတ်ရပ်စဲရေးကို အခွင့်ကောင်းယူပြီး  အစိုးရစစ်တပ်နှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ် (UWSA) တို့၏ စစ်အင်အားကျယ်ပြန့်စွာ တည်ဆောက်နေခြင်းရှိနေပါသည်။

ထို့ကြောင့် အဆိုပါမြေပုံသည် တစ်ဖက်တွင်ရှိသော လက်နက်ကိုင်အဖွဲ့(၃)နှင့် အခြားတစ်ဖက်ရှိ ထိုင်းစစ်တပ်တို့အကြား မရေရာမသေချာသော စစ်ပြေးဒုက္ခသည်တို့၏ အခြေအနေကို ရှင်းလင်းစွာ မီးမောင်းထိုးပြထားပါသည်။


### ရှမ်းပြည်နယ်တောင်ပိုင်း နယ်စပ်တလျှောက်တွင်ရှိ မြန်မာအစိုးရစစ်တပ်နှင့်'ဝ'စစ်တပ်




ကောင်းမုန်မိုင်းနှင့်လွိုင်တိုင်းလျှန်းဒုက္ခသည်စခန်းအနီးရှိ မြန်မာအစိုးရစစ်တပ်နှင့် 'ဝ'စစ်တပ်





လွိုင်လမ်နှင့်ကုန်းကျော်ဒုက္ခသည်စခန်းအနီးရှိ မြန်မာအစိုးရစစ်တပ်နှင့် 'ဝ'စစ်တပ်



လွိုင်ဆမ်ဆစ်ဒုက္ခသည်စခန်းအနီးရှိ မြန်မာအစိုးရစစ်တပ်နှင့် 'ဝ'စစ်တပ်




လွိုင်ကော်ဝမ်းဒုက္ခသည်စခန်းအနီးရှိ မြန်မာအစိုးရစစ်တပ်နှင့် 'ဝ'စစ်တပ်



# ၂။ လမ်းသစ်များ ဖေါက်၍ စခန်းအား ဝန်းရံပိတ်ဆို့လာသည်။


လွန်ခဲ့သောနှစ်အတောအတွင်း၌ ကောင်းမုန်မိုင်းဒုက္ခသည်စခန်း အနီးအနားတဝိုက်တွင် ရှေ့တန်းအစိုးရ စစ်တပ် တပ်စခန်း၏ ဆောင်ရွက်မှုဖြင့် မယ်ပေါင်ဆွန်၏ မြောက်ဘက်အရပ် မျက်နှာချင်းဆိုင်ရှိ လင်းခေး၏တောင်ဘက်အရပ်မျက်နှာတွင် လမ်းသစ်ဖောက်လုပ်မှုများ ရှိပါသည်။ အဆိုပါလမ်းသည် စစ်အင်အားနှင့် ထောက်ပံ့ရေးပစ္စည်း လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရန်သာ ဆောက်လုပ်ထားခြင်းဖြစ်သည်။

မိုင်တုံနှင့် မိုင်းပန်တို့အကြား တာဆန်းတွင်ရှိ သံလွင်မြစ်ပေါ် တွင် တံတားသစ်တစ်စင်းကိုလည်း စတင်ဆောက်လုပ်ခဲ့ပြီး အဆိုပါတံတားသည် ယခုလက်ရှိတံတားထက် ပိုမိုကြံ့ခိုင်မှုရှိမည်ဖြစ်ပါသည်။ ဖေဖော်ဝါရီလ ၆ရက် ၂၀၁၉ခုနှစ်တွင် မြန်မာစစ်အစိုးရတပ်မှူးများပြုလုပ်သည့် တံတားသစ်ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းကြည် ကိုယ်တိုင် သဘာပတိအဖြစ်တက်ရောက်ခဲ့ပါသည်။

အဆိုပါတံတားသစ်ဖြင့် လက်နက်ကြီးသယ်ဆောင်မည်မှာကို ဒေသခံများ စိုးရိမ်နေကြပါသည်။ ထိုတံတားတိုးမြှင့်ဆောက်လုပ်ခြင်းသည် သံလွင်မြစ်ပေါ် ရှိမိုင်းတုံရေကာတာဆောက်လုပ်ရန် အစီအစဉ်နှင့်ဆက်စပ်လိမ့်မည် ဟုလည်း သံသယရှိပါသည်။

လွန်ခဲ့သောနှစ်တွင် Three Gorges Corporation ကုမ္ပဏီမှ ကြီးမားသော လုံခြုံရေးဖြင့် မိုင်းတုံရေကာတာဆောက်လုပ်ရေးဆိုက်သို့ ကွင်းဆင်းလေ့လာစမ်းသပ်ရန် တရုတ်အင်ဂျင်နီယာများ စေလွှတ်ခဲ့သည်။ ထိုင်းနှင့်တရုတ်သို့ (၉၀) ရာခိုင်နှုန်း ပို့ဆောင်မည့် လျှပ်စစ်ဓာတ်အား (၇၀၀၀) မဂ္ဂါဝပ်ထုတ်လုပ်ရန် စီစဉ်ထားသည့် ၄င်းရေကာတာသည် ၁၉၉၆-၁၉၉၈ခုနှစ်အတွင်း အစိုးရတပ်၏ ကြီးမားသော မြေလှန်မှုးရှို့စံနစ်ဖြင့် လူဦးရေလျော့နည်းသွားသည့် ရှမ်းပြည်တောင်ပိုင်းနှင့် အလယ်ပိုင်းတွင်ရှိ ကျယ်ပြန့်သောမြေပြန့်အား ရေလွှမ်းစေမည်ဖြစ်ပါသည်။ အဆိုပါရေကာတာဆောက်လုပ်ပြီးစီးပါက သောင်းချီအိုးမဲ့အိမ်မဲ့ရွာသားများ နေရပ်အိမ်သို့ ပြန်နိုင်မည်မဟုတ်ပါ။

ကောင်းမုန်မိုင်းဒုက္ခသည်စခန်းအနီးရှိ ဖောက်လုပ်ခဲ့သောလမ်းသစ်





ဖေဖော်ဝါရီလ ၇ ရက်နေ့ ၂၀၁၉ ခုနှစ် မြန်မာ့အလင်းသတင်းဌာနမှ ပုံ

## မိုင်းထားအတွင်း ဒုက္ခသည်ပြန်လည်နေရာချထားရေးစီမံကိန်း ကျရှုံးခဲ့ခြင်း

မြန်မာ့အာဏာပိုင်ရဲ့ လုပ်ရပ်တို့က နေရပ်သို့ပြန်ရန် မျှော်လင့်ချက်မဲ့စေသည်။ နေရပ်ပြန်မည့် ခိုလှုံသူများအတွက် မိုင်းထားအတွင်း စမ်းသပ်အိမ်ရာစီမံကိန်းတစ်ခုကို ဆောက်လုပ်ထားသောလည်း မြန်မာအစိုးရဝန်ထမ်းများကသိမ်းပိုက်ခဲ့သည်။

မိုင်းတုံမြို့နယ်အနောက်တောင်ဘက်ရှိ ထိုင်းနယ်စပ်မှ (၂၀) ကီလိုမီတာဝေးသော မိုင်းထားသည် ယခင်က ထိုင်းနယ်စပ်ဖြတ်လမ်းနှင့် သံလွင်မြစ်အကြားတွင် ကုန်သွယ်ရေးလမ်းကြောင်းပေါ် ရှိသော မိန်းတိုင်းတပ် (MTA) နယ်မြေအတွင်း တည်ရှိနေသော ရှမ်းရွာတစ်ရွာဖြစ်သည်။

၁၉၉၅ခုနှစ်အကုန်တွင် မိန်းတိုင်းတပ် (MTA) လက်နက်ချပြီးနောက် မူလနေထိုင်သူအများဆုံး ထွက်ပြေးရန် မိုင်းထားကို အစိုးရစစ်တပ်က နေရာအနှံ့ အခြေစိုက်ခဲ့သည်။ နယ်စပ်နယ်မြေတလျှောက်တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) အခြေစိုက်ပြီးသည့်နောက် မိုင်းထားသည် (RCSS/SSA) အား တိုက်ခိုက်ရန် အစိုးရတပ်၏ အရေးပါသော ရှေးတန်းဗဟိုဌာနတစ်ခု ဖြစ်လာခဲ့သည်။

ဟိုမိန်းမြို့နယ်ခွဲနှင့် မိုင်းထားမြို့နယ်ခွဲအတွင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) အခြေစိုက်ခွင့်ပြုရန် ဇန်နဝါရီလ ၂၀၁၂ခုနှစ်တွင် RCSS/SSA၏ ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် မြန်မာအစိုးရမှ အတိအလင်း ခွင့်ပြုချက်တစ်ခုအဖြစ် ထင်ရှားခဲ့ပါသည်။ (ဟိုမိန်းသည် မိုင်းထား၏အနောက်အရပ် (၆၀)ကီလိုမီတာအကွာတွင်တည်ရှိပြီး ယခင်က မိန်းတိုင်းတပ် MTA၏ ဗဟိုဌာနချုပ်ဖြစ်ပါသည်။)


သို့သော်လည်း သဘောတူညီချက်ကို အလေးထားခြင်းမရှိသည့်အပြင် မိုင်းထားအတွင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) အား ဆက်သွယ်ရေးရုံးတစ်ခုသာ အခြေစိုက်ရန် ခွင့်ပြုခဲ့ခြင်း နှင့် မိုင်းထား (သို့မဟုတ်) ဟိုမိန်းမှ အစိုးရစစ်တပ်ဆုတ်ခွာခြင်းမရှိခဲ့ပါ။

သို့သော်ငြားလည်း ထိုင်းနိုင်ငံအတွင်း ခိုလှုံသူများအား နေရပ်မိုင်းထားသို့ ပြန်လာခဲ့ရန် မြန်မာအာဏာပိုင်များက ကြိုးစားပြီး အယုံသွင်းနေခဲ့ပါသည်။ ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းတွင် Myanmar Peace Support Initiative အောက်မှ Norwegian Refugee Council ချင်းမိုင် မြောက်ပိုင်း နယ်စပ်တွင်ရှိ ကုန်းကျော်စစ်ပြေးဒုက္ခသည်စခန်းသို့ သွားရောက်လည်ပတ်ခဲ့သည့်အပြင် မိုင်းထားသို့ပြန်သွားရန် ဒုက္ခသည် (၉၀) ဦးအတွက် ဆောက်ခဲ့သောအိမ်ရာချပေးရေးစီမံကိန်းရန်ပုံငွေ စီစဉ်နေခဲ့ကြောင်း ဒုက္ခသည်စခန်းခေါင်းဆောင်ကို အသိပေးခဲ့သည်။ ဇူလိုင်လ ၂၀၁၃ခုနှစ်၌ မိုင်းထားအတွင်း ပြန်လာမည့်ဒုက္ခသည်များအတွက် အိမ်ရာသစ်ဆောက်လုပ်နေသည် ဟု မိုင်းတော့အတွင်း တပ်မှူးက ဒုက္ခသည်စခန်းခေါင်းဆောင်ကို အသိပေးအကြောင်းခဲ့သည်။ မကြာမီနောက် တာချီလိတ်မှ မြန်မာ့ရဲတပ်ဖွဲ့တချို့က မိုင်းထားသို့ ဒုက္ခသည်များ ပြန်လိုသောစိတ်ဆန္ဒရှိလား ဟု လာရောက်မေးမြန်းခဲ့ကြသည်။

ထိုကတည်းက မိုင်းထားအတွင်း နေအိမ်(၂၀)ခန့်၊ စာသင်ကျောင်း(၁)ခုနှင့် ဆေးရုံး(၁)ခုတို့ကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ သို့သော် နေရပ်သို့ မည့်သည့်ဒုက္ခသည်တစ်စုံတစ်ယောက် မပြန်ဝံ့ပါ။ အိမ်ရာသစ်ချပေးရာနေရာမှ ကိုက် (၄၀၀)ခန့် အကွာတွင် စခန်းချနေသော အစိုးရ စစ်တပ် ခမရ 244 နှင့် အဆိုပါ နေရာတဝိုက် မြေမြှုပ်ဗုံးများ ဖြန့်ကျဲသောကြောင့် မပြန်ဝံ့ကြပါ။

ယခု ဒုက္ခသည်ပြန်လည်နေရာချထားရေးစီမံကိန်းကို မိုင်းထားအတွင်း မြန်မာအစိုးရ အလုပ်ဝန်ထမ်းများက ထိန်းချုပ်ခဲ့သည်။

မိုင်းထားအတွင်း စီစဉ်ထားသောဒုက္ခသည်စခန်းအိမ်ရာစီမံကိန်း






မိုင်းထားအတွင်း စစ်ပြေးဒုက္ခသည်ပြန်လည်နေရာချထားရေးစီမံကိန်း

# ၃။ မကြာသေးမီက အစိုးစစ်တပ် ထိုးစစ် ပုံစံများ

## မိုင်းဆတ်အတွင်းရှိရာ လွိုင်ကော်ဝမ်း စစ်ပြေးရှောင်ဒုက္ခသည်စခန်းသို့ အစိုးရစစ်တပ်က ဒရုန်းလွှတ်တင်ခြင်း


စက်တင်ဘာလ ၂၀၁၈ခုနှစ်တွင် အဆိုပါ ဒေသသို့ တြိဂံတိုင်းတိုင်းမှူး၏ခရီးစဉ်အတွင်း လွိုင်လမ်ဒုက္ခသည်စခန်းပေါ်သို့ မြန်မာ့စစ်အစိုးရက ပထမအကြိမ် ဒရုန်းလွှတ်တင်ခဲ့သည့် အစီရင်ခံစာကို လူ့အခွင့်အရေးမဏ္ဍိုင်မှ ထုတ်ပြန်ခဲ့ပါသည်။

ဇန်နဝါရီလ ၂၀၁၉ခုနှစ်တွင် မိုင်းဆတ်-ချင်းလိုင်းနယ်စပ်ရှိ လွိုင်ကော်ဝမ်းဒုက္ခသည်စခန်းအပေါ် အစိုးရစစ်တပ်က တောင်ကုန်းထိပ်မှ (၅) ကြိမ်မြောက်ဖြင့် လွှတ်တင်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားရန် အချက်ပြနေသည့် အကြောင်းတရားတစ်ရပ်အဖြစ် ဒုက္ခသည်များကစိုးရိမ်ပူပန်ခဲ့ကြသည်။

ဒရုန်းလွှတ်တင်ခဲ့ခြင်းကို တွေ့ရှိသည့်အချိန်များ

| | |
|---|---|
| ဇန်နဝါရီလ ၁ ရက် ၂၀၁၉။ | ညနေ ၅း ၄၅ နာရီ |
| ဇန်နဝါရီလ ၇ ရက် ၂၀၁၉။ | မနက် ၆ နာရီ |
| ဇန်နဝါရီလ ၉ ရက် ၂၀၁၉။ | ည ၈း ၃၅ နာရီ |
| ဇန်နဝါရီလ ၁၄ ရက် ၂၀၁၉။ | မနက် ၅ နာရီ |
| ဇန်နဝါရီလ ၁၈ ရက် ၂၀၁၉။ | ည ၇း ၂၈ နာရီ |


ဇန်နဝါရီလ ၂၀၁၉အတွင်း လွိုင်ကော်ဝမ်းဒုက္ခသည်စခန်းအနီးတွင် မြန်မာအစိုးရစစ်တပ်၏ဒရုန်းများပျံသန်းရာမြင်ကွင်း



# လွိုင်တိုင်းလျှန်းနှင့် လွိုင်လမ် စစ်ပြေးရှောင်ဒုက္ခသည်စခန်းများကို အစိုးရစစ်တပ်က အမြောက်ဖြင့် ပစ်ခတ်ခဲ့ခြင်း

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲရေးလက်မှတ်ကို ဒီဇင်ဘာလ ၂၀၁၁ခုနှစ်တွင် ရေးထိုးခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်နေ့ ၂၀၁၉ခုနှစ်တွင် ရှမ်း-ထိုင်းနယ်စပ်ရှိ RCSS/SSAတပ်စခန်း (၂) ခုကို လက်နက်ကြီးဖြင့် ပထမဆုံးအကြိမ်ပစ်ခတ်သောကြောင့် အဆိုပါ ဒေသအတွင်း ဒုက္ခသည်များ ထိတ်လန့်ကြသည်။

သီးခြားတိုင်းစစ်ဌာနချုပ်(၂)ခုဖြစ်သော အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့ လက်အောက်ခံ တပ်စခန်းမှ လွိုင်တိုင်းလျှန်းနှင့် လွိုင်လမ်ဆီသို့ လက်နက်ကြီးဖြင့် (၆)ကြိမ်ပစ်ခတ်ခဲ့သည်။





ရှမ်းပြည်နယ်အတွင်း မြန်မာစစ်တပ်တိုင်းစစ်ဌာနချုပ်များ

နေ့လယ် မွန်းလွဲ၂ နာရီ ၄၀မိနစ်အချိန်တွင် ခမရ ၃၆၃မှ စစ်သားများသည် ( အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်) ၄င်းတို့၏တပ်စခန်းမှ ၁၂၀ မမ လက်နက်ဖြင့် လွိုင်တိုင်းလျှန်းဆီသို့ရှိ နမ့်မေကွန်းကို (၁၀)ကီလိုမီတာအဝေးတွင် ပထမကြိမ် ပစ်ခတ်ခဲ့သည်။ ည ၆နာရီထိုးပြီးနောက် လွိုင်တိုင်းလျှန်းဆီသို့ ၄င်းတပ်သည်ပင် ၁၂၀ မမ လက်နက်ကြီးဖြင့် (၂)ထပ်မံ ပစ်ခတ်ခဲ့သည်။

ထိုရက်အတွင်း ညနေ (၅)နာရီ ၃၀မိနစ်အချိန်အတောအတွင်း၌ မိုင်းတော့တပ်စခန်း(တြိဂံတိုင်းစစ်ဌာနချုပ်လက်အောက်ခံဖြစ်သော ခမရ ၃၈၆ )မှ လွိုင်လမ်ဒုက္ခသည်စခန်းဆီသို့ ၁၂၀ မမ ဖြင့် ပစ်ခတ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၃ရက်နေ့ ၂၀၁၉ခုနှစ်တွင် ဒုက္ခသည်စခန်းများကို မြန်မာအစိုးရစစ်တပ်က လက်နက်ကြီးဖြင့်ပစ်ခတ်သည့်မြင်ကွင်း






ကံကောင်းစွာဖြင့် ဒုက္ခသည်စခန်း၏ အပြင်တနေရာတောထဲတွင် ကျကွဲခဲ့ပြီး ထိခိုက်ဒဏ်ရာ မရရှိသော်လည်း ဒုက္ခသည်များထိတ်လန့်ကြသည်။

ရက်အနည်းငယ်ကြာပြီးနောက်ပိုင်းတွင် ဖုံးခိုကျင်းများနှင့် ထိုင်းနယ်စပ်တစ်ဖက်တစ်ချက်သို့ ထွက်ပြေးတိမ်းရှောင်ရန် အဆင်သင့်ပြင်ဆင်ထားခဲ့ကြသည်။ ဒုက္ခသည်စခန်းကော်မတီများလည်း တိမ်းရှောင်နိုင်ရန် အစမ်းလေ့ကျင့်မှုများ စီစဉ်ပေးခဲ့သည်။




ဖေဖော်ဝါရီလ ၂၀၁၉ ခုနှစ် လွိုင်တိုင်းလျှန်းအတွင်း ဒုက္ခသည်များ ဖုံးခိုကျင်း ပြင်ဆင်ခြင်း

ထိုကဲ့သို့ပစ်ခတ်ခြင်းဟာ အဖြစ်အပျက်တစ်ခုအတွက် ရိုက်တိုက်လက်တုံ့ပြန်ခြင်းသာဖြစ်သည်။ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) တပ်သားများက အစိုးရစစ်တပ်အမှုထမ်းမှ ပစ္စည်းကို မိုင် ၁၀၀ အကွာရှိ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းအတွင်း လုံခြုံရေးဂိတ်၌ သိမ်းဆည်းခဲ့သည်။ အဆိုပါထိုမြန်မာစစ်အမှုထမ်းသည် အရပ်သားအဝတ်ဝတ်ဆင်ပြီး လက်မောင်းပခုံးတွင် လက်နက်ကိုင်ဆောင်ထားသဖြင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) မှ ယာယီသိမ်းဆည်းထားပြီး ရက်အနည်းငယ်ကြာပြီးနောက် လက်နက်နှင့် တခြားပစ္စည်းတို့ကိုပြန်လည်အပ်နှံရန် ကျိုင်းတုံအတွင်းရှိ RCSS / SSA ဆက်သွယ်ရေးရုံးကနေတဆင့် ပေးပို့ခဲ့သည်။

အရှေ့အလယ်ပိုင်းတိုင်းနှင့် တြိဂံတိုင်းဒေသစစ်ဌာနချုပ်အပါအဝင် တိုင်း(၅)တိုင်းတွင် ဒီဇင်ဘာလ ၂၁ရက်နေ့ ၂၀၁၈ခုနှစ်တွင် စတင်၍ တဖက်သတ်အပစ်အခတ်ရပ်စဲရေးကြေငြာပြီးမှ အစိုးရတပ်အနေဖြင့် ဤကဲ့သို့ ချိုးဖောက်ပစ်ခတ်ခဲ့သည်။



ဖေဖော်ဝါရီလ ၂၀၁၉ ခုနှစ် လွိုင်တိုင်းတွင် စစ်ဘေးတိမ်းရှောင်ရန် လေ့ကျင့်စဉ်

## ပစ်ခတ်မှုပြီးနောက်ပိုင်း ရွှေ့ပြောင်းသူထပ်မံရောက်ရှိ

ဖေဖော်ဝါရီလ ၁၉ရက်နေ့တွင် ပစ်ခတ်မှုတစ်ပတ်အကြာတွင် လွိုင်လမ်ခိုလုံရာဒုက္ခသည်စခန်းသို့ ဒုက္ခသည်မိသားစု(၇)စု ထပ်မံရောက်ရှိလာခဲ့သည်။ ၎င်းမိသားစုတို့ဟာ နယ်စပ်နှင့် သံလွင်မြစ်တို့ကြားတွင်ရှိသော အစိုးရတပ်ထိန်းချုပ်ရာနယ်မြေဖြစ်သည့် ကျူခေါ် နှင့် မိုင်းနန်တို့မှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ထိုသို့ လက်နက်ပစ်ခတ်သံဖြင့် တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်ကြောက်ရွံ့ပြီး ၎င်းတို့သည် (၁၉)ဦး၊ အသက်(၁၈)နှစ်ကလေး(၅)ဦးနှင့် (၇)ရက်သားကလေး(၁)ဦးအပါအဝင်ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ထို့ရွာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်နေခြင်းမရှိဟု ဆိုပါသည်။




ဖေဖော်ဝါရီလ ၂၀၁၉ ခုနှစ်၊ မြန်မာ့တပ်မတော်လက်နက်ကြီးပစ်ခတ်ပြီးနောက် လွိုင်လမ်သို့ ရောက်ရှိခိုလုံသည့် စစ်ပြေးဒုက္ခသည်သစ်

# ၄။ ဝပြည်သွေးစည်းညီညွတ်ရေးတပ် (UWSA) က ရှမ်း-ထိုင်းနယ်စပ်တောင်ပိုင်းဧရိယာအား တပ်စွဲထား

၁၉၉၉ခုနှစ်တွင် မြန်မာအစိုးရ ခွင့်ပြုချက်ဖြင့်UWSAဝတပ်ဖွဲ့ကို ဝလူမျိုးဦးရေ (၁၂၆၀၀၀) ကျော်တို့အား ရှမ်းပြည်တောင်ပိုင်းမှ ရှမ်းပြည်မြောက်ပိုင်းသို့ ရွှေ့ပြောင်းစေသည်။ UWSAဝတပ်ဖွဲ့သည် ရှမ်းပြည်တောင်ပိုင်း၌ နယ်မြေချဲ့ထွင်ရာမှာ ထိုင်းနယ်စပ်တလျှောက်အထိပင် ဖြစ်သည်။ ၎င်းတပ်ဖွဲ့ကို UWSAဝတပ်ဖွဲ့က စစ်ဒေသ(၁၇၁)ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။

## ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ဝစစ်တပ်၏ နယ်မြေတိုးချဲ့သည့်ဧရိယာ





တောင်ပိုင်းUWSAဝတပ်ဖွဲ့၏ ဌာနချုပ်သည် ထိုင်းနယ်စပ်မှ ၁၀ ကီလိုမီတာ ခန့်အကွာ မိုင်းတုံမြို့နယ်တောင်ဘက် အရပ်တွင် ရှိသော ဝမ်ဟွေ့အော့ရွာတွင် ဖြစ်သည်။ ထိုင်း မြန်မာနယ်စပ်မှ လမ်းမကြီး မှတ်တိုင်၁ နောင်အုတ်(ချင်းမိုင်ခရိုင်)မှ မိုင်းတုံအထိ ယခင်က ဤလမ်းသည် ကုန်သည်ကြီးများ၏ ဖြတ်လမ်းသဖွယ် ဖြစ်ခဲ့သည်။

၁၉၉၉ခုနှစ် မတိုင်မီ မြေပြန့်တောင်ကြားလမ်းမှ ထိုင်းနယ်စပ်အထိ လမ်းဘေးဝဲယာတလျှောက်တွင် အခြေချပြီး လယ် ယာအလုပ်နှင့် ကုန်ရောင်းကုန်ဝယ်အလုပ်များဖြင့် အသက်မွေးဝမ်းကြောင်းပြုကာ နေထိုင်ကြသည့်လူမျိုးအများစုမှာ ရှမ်းလူမျိုးများဖြစ်ကြသည်။ ယခုအခါ ၎င်းမြေနေရာများသည် UWSA ဝတပ်ဖွဲ့များတို့က ကျူးကျော်ဝင်ရောက်လာပြီး သစ်ပင် ပန်းပင်များစိုက်ပျိုးပစ်ကာ မူလပိုင်ရှင်များ လုပ်ကိုင်စားသောက်ခွင့်မရကြတော့ပဲ ခြံစည်းရိုးများဖြင့် ခတ်ထားလိုက်တော့သည်။ ၎င်းမြေနေရာများတွင် တည်ရှိနေသည့် ချောင်း မြောင်းအသွယ်သွယ်မှ စီးဆင်းနေသော ရေများမှအစ ဤတော ဤတောင်မှ ထွက်သော သဘာဝသယံဇာတများကိုပင် ယူငင်စားသောက်ခွင့်ပင် မပေးတော့ပဲ ပြင်းပြင်းထန်ထန် တားဆီး ပိတ်ပင်ထားပါတော့သည်။ ၎င်းနေရာများအတွင်းသို့ ဝင်ရောက် ရှာဖွေစားသောက်မိကြသော ရှမ်းလူမျိုးများအား ဖမ်းဆီးခံကြရပြီး ပြစ်ဒဏ်အမျိုးမျိုးပေးကြောင်းလည်း သိရသည်။


ထိုနေရာများကို UWSAဝတပ်ဖွဲ့များသည် သဘာဝအလျောက်ဖြစ်တည်လျက်ရှိသည် တော တောင်သစ်ပင်များအား ခုတ်ထွင် ရှင်းလင်းပြီး ရော်ဘာပင်များအား အစားထိုးစိုက်ပျိုးပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းသည်။

လွန်ခဲ့သော(၄)နှစ်က UWSAဝတပ်ဖွဲ့တို့သည် ဟွေ့အော့ အနီးဝန်းကျင်တဝိုက် မြေနေရာများကို ခုတ်သင်ရှင်းလင်းပြီး ယခုလကရှိ လမ်းမနှင့်အပြိုင် ထိုင်းနယ်စပ်သို့ (၈) ကီလိုမီတာရှည်လျားသော အမြန်လမ်းမဖောက်လုပ်ခဲ့ကြသည်။

## မိုင်းတုံတောင်ဘက် ထိုင်းနယ်စပ်တွင် UWSA ဝ စစ်တပ်၏ ရော်ဘာစိုက်ခင်းများ



မိုင်းတုံတောင်ဘက်တွင် ပေ့ွအောအတွင်းရှိ UWSA ၀ စစ်တပ်၏လမ်းမသစ်စီမံကိန်း




UWSA ၀တပ်ဖွဲ့တို့ နယ်မြေချဲ့ထွင်မှုနှင့်ပတ်သက်ပြီး ဒေသခံများ စိတ်ပူနေသည်မှာ UWSA တို့ သတင်းထုတ်ပြန်ခဲ့သည့် ခါးပတ်တကွင်း လမ်းတစင်းဆိုသည့်အတိုင်း တရုတ်ကုန်သည်များ၏ လမ်းကြောင်းအား ထောက်ခံရန်ဖြစ်သည်။

24.5.2017 ခုနှစ်တွင်က မြောက်ပိုင်းမဟာမိတ်အဖွဲ့တို့ ပူးပေါင်းထုတ်ပြန်သည့် ကြေငြာစာတစောင်တွင်အရင်းအနှီးစိုက်ထုတ်ပေးသည် ပြည်ပစီးပွားရေးရှင်များအား ဦးစွာလုံခြုံမှုပေးရန် ဟုဆိုသည်။

မိုင်းတုံတွင် တည်ဆောက်ရန်ရှိသော ရေကာတာအတွက် အစိုးရစစ်တပ်၊ တရုတ်နှင့် ထိုင်းအစိုးရတို့က အားပေးအားမြှောက် ပြုနေသည့်အတွက် ဒေသခံများက စိတ်ပူနေကြသည်မှာ မိုင်းတုံတဘက်ကမ်းမှ သံလွင်မြစ်ရေကာတာ တည်တောက်ရန်အတွက် လုံခြုံရေးယူရန်ဟုဆိုကာ UWSA၀တပ်ဖွဲ့ အင်အားများ အဆမတန် ဖြည့်သွင်းနေခြင်းကိစ္စဖြစ်သည်။

2011 ခုနစ်တွင် မိုင်းတုံတဘက်ကမ်းရှိ သံလွင်မြစ်ပေါ် တည်ဆောက်မည့်ရေကာတာနေရာအား လာရောက်လေ့လာကြသော Three Gorges Corporationမှအင်ဂျင်နီယာ (၃) ဦးနှင့်အတူ စကားပြန်(၁)ဦးတို့ ရောက်လာကြသည်။ ထိုစဉ် တည်ဆောက်မည့်ရေကာတာနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်လျက်ရှိတာကြောင့် အမည်မသိ လက်နက်ကိုင်အဖွဲ့တဖွဲ့မှ ၄င်းတို့(၄)ဦးတို့အားဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသည်။ သို့သော် (၃)လ ကြာမြင့်ပြီးနောက် ၄င်တို့(၄)ဦးတို့ အန္တရာယ်ကင်းစွာ ပြန်လည်လွတ်မြောက်လာကြပါသည်။

၁၈.၄.၂၀၁၈ ခုနှစ်တွင်လည်း China Three Gorges Corporation (CTG) ကုမ္ပဏီမှ အင်ဂျင်နီယာအဖွဲ့တို့အား ပြည်သူ့စစ်တပ်ဖွဲ့မှ လုံခြုံရေးယူပေးစဉ်မှာအမည်မသိလက်နက်ကိုင်အဖွဲ့တဖွဲ့ကလာရောက်ပစ်ခတ်မှုကြောင့်ပြည်သူ့စစ်တပ်ဖွဲ့မှတပ်သားသေဆုံးခဲ့သည့်ဖြစ်စဉ်လည်း ရှိခဲ့သည်။

## မိုင်းတုံမြို့တွင် အများပြည်သူတို့ ကြည်ညိုသဒ္ဓါပွားရန်အလို့ငှာတည်ထားကိုးကွယ်မည့် စေတီတဆူကိုလည်း UWSAဝတပ်ဖွဲ့တို့က တည်ဆောက်ခွင့်မပြုပဲ ပိတ်ပင်တားဆီးရန် ကြိုးစားခဲ့သည်။

များမကြာမီအချိန်ကလည်းဒေသခံ ရှမ်းများနှင့် UWSA ဝတပ်ဖွဲ့တို့ အချေအတင်တခုဖြစ်ခဲ့ကြသေးသည်။ အကြောင်းရင်းမှာ (၁၆၀၅)ခုနှစ်က ထိုင်းတို့ဘုရင်တပါးဖြစ်သည့်"နရေးဆွန်" နတ်ရွာစံခဲ့သည့် မြေမြတ်မဟာနေရာ၌ မိုင်းဖုန်းဆရာတော်ဘုရား၏လမ်းညွှန်ချက်ဖြင့် စေတီတဆူတည်ထားရန်ကိစ္စဖြစ်သည်။ ထိုလုပ်ငန်းခွင်ကို UWSA ဝတပ်ဖွဲ့က အမိန့်အာဏာသုံးပြီး ပိတ်ပင်တားဆီးခဲ့သည့်ကိစ္စဖြစ်သည်။

**မိုင်းတုံတောင်ဘက်အရပ်တွင်ရှိ ထိုင်းဘုရင်နရေးဆွန်စေတီတည်နေရာ**




၎င်းမြေနေရာသည် ဟွေ့အော့ရွာ၏အရှေ့ဘက်တွင် ၁၉၉၉ခုနှစ်က UWSAဝတပ်ဖွဲ့တို့ ထိန်းချုပ်ရာနယ်မြေသို့ သွားရာလမ်းမကြီးရဲ့ဘေးတွင် တည်ရှိပါသည်။ ယခင်က ၎င်းနေရာတွင် ရှေ့ဟောင်း စေတီပျက်တဆူ ရှိသည်။ မိုင်းဖုန်းဆရာတော်ဘုရားမှ ၎င်းနေရာသို့ ကြွရောက်လာပြီး စေတီအသစ်တဆူ တည်ဆောက်ခြင်း ဘုန်းကြီးကျောင်း တည်ထောင်ခြင်း အစီအစဉ်များကို စီစဉ်ပေးတော်မူခဲ့သည်။

၁၁.၁၂.၂၀၁၈ခုနှစ်တွင် UWSA ဝတပ်ဖွဲ့က စေတီတည်ရန်ခွင့်ပြုခဲ့သောကြောင့် ပွဲတော်ကျင်းပစဉ်ကလည်းမိုင်းဖုန်းဆရာတော်ဘုရားနှင့် တြိဂံဒေသစစ်တိုင်းမှူး ဗိုလ်မှူးချုပ်ခင်လှိုင်တို့ ကြွရောက်ချီးမြှင့်ကြသေးသည်။

မိုင်းဖုန်းဆရာတော်ဘုရားနှင့်တြိဂံဒေသစစ်တိုင်းမှူး ဗိုလ်မှူးချုပ်ခင်လှိုင်တို့ ပြန်သွားကြပြီးနောက် UWSA "ဝ"တောင်ပိုင်းတပ်မဟာ (၁၇၁) မှအရာရှိတဦးက အင်အား(၅၀)ဦးတို့က ရောက်ရှိလာကြပြီး စေတီတော် တည်ဆောက်သည့် လုပ်ငန်းခွင်ကို ဆက်မလုပ်ရန် တားဆီးပိတ်ပင်ခဲ့ရုံမကပဲ backhoe စက်တစီးဖြင့် တည်ဆောက်လျက်စေတီတော်ကို ရှင်းလင်းပစ်ခြင်း ယာယီကျောင်းဆောင်များ၊ အခြားသော ယာယီသာသနိကအဆောက်အဦးများနှင့် မိုင်းဖုန်းဆရာတော်ဘုရား၏ ရုပ်တုတော်တို့ကိုလည်း ချက်ချင်းရွှေ့ပြောင်းစေခဲ့သည်။

စေတီတည်မည့်လုပ်ငန်းခွင်အား UWSAဝတပ်ဖွဲ့တို့က backhoeဖြင့် ရှင်းလင်းလိုက်သည့် ဓာတ်ပုံ၊ မိုင်းဖုန်းဆရာတော်ဘုရား၏ ရုပ်တုတော်ကို ကားပေါ်တင်ပြီး ရွှေ့ပြောင်းစေပုံ ယာယီတဲကျောင်းဆောင်များကို ဖျက်ဆီးသည့်ပုံများသည် လူမှုကွန်ယက်ပေါ်သို့ တမုတ်ချင်း ပြန့်နှံ့သွားသဖြင့် ရှမ်းလူမျိုးများနှင့်ထိုင်လူမျိုးများတို့အား တုန်လှုပ်ချောက်ခြားမှုဖြစ်စေခဲ့သည်။

၄င်းဖြစ်စဉ်နှင့်ပတ်သက်ပြီး တောင်ပိုင်းUWSA၀တပ်ဖွဲ့၏ ထိပ်ပိုင်းခေါင်းဆောင်ကို အိပ်မက်ဆိုးမက်စေခဲ့ကြောင်း ထိုအိပ်မက်တွင် တောင်ပိုင်းUWSA၀တပ် ဌာနချုပ်တခုလုံး မီးလောင် ပြာကျသွားကြောင်း အိပ်မက်တွင် မြင်မက်ခဲ့သည် ဆိုသည်။ ထိုကြောင့် နောက်တရက်တွင် UWSAထိပ်ပိုင်းခေါင်းဆောင် "ယန်ကော်ကျူး"နှင့် "ဝေစူးယင့်"တို့သည် စေတီတော် တည်ဆောက်နေသည့် နေရာသို့ ရောက်ရှိလာကြပြီး ဒေသအတွင်းရှိ သံဃာတော်များအစုံအလင် ပင့်ဖိတ်ပြီး တည်ဆောက်မည့်စေတီတော်၏ လုပ်ငန်းများကို ချမှတ်ထားသည့် စီမံကိန်းအတိုင်း ဆက်လက်လုပ်ဆောင်သွားရန် လျှောက်ထားတောင်းပန်ပြီး လုပ်ငန်တွင် အလုပ်သမားများကိုပါ ဖြည့်သွင်းပေးခဲ့သေးကြောင်းသိရသည်။

သို့သော် စေတီတော်၏ လေးဘက်လေးတန်ပတ်လည်ကို ပေပေါင်း(၁၇၁)သာ ခွင့်ပြုခဲ့ပြီး UWSAတောင်ပိုင်းဝတပ်ဖွဲ့၏ တပ်အမှတ်(၁၇၁)ကို ကိုယ်စားပြုသည့်သဘော ဖြစ်သည်။ ယခုအခါစေတီတော်၏ လုပ်ငန်းခွင်မှာ ၅၀%ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။



ဒီဇင်ဘာလ ၂၀၁၈ခုနှစ်၊ မိုင်းတုံအတွင်း UWSA ဝ စစ်သားများ စေတီပုထိုးတော်ဆောက်လုပ်ခြင်းအား ဖြိုဖျက်စဉ်





ဒီဇင်ဘာလ ၂၀၁၈ခုနှစ်၊ မိုင်းတုံအတွင်း UWSA ဝ စစ်သားများက မိုင်းဖုန်းဆရာတော်၏ ရုပ်ထုတော်အား ဖယ်ရှားစဉ်

# မိုင်းဆတ်မြို့နယ်တွင် စစ်ဘေးရှောင်များ၏ စိုက်ခင်းယာခင်းများကို UWSAဝတပ်ဖွဲ့တို့ ကျူးကျော်ဝင်ရောက်

၁၉၉၉ခုနှစ်နောက်ပိုင်း မိုင်းဆတ်တွင်UWSAဝတပ်ဖွဲ့တို့ သိမ်းဆည်းခံထားရသော မြေပိုင်ရှင်များမှာ(၁၆၀၀၀)ဦးရှိကြောင်းနှင့် ပြန်လည်ပေးအပ်အချိန်မှာ ဝလူမျိုးအများဆုံးသာ ပြန်လည်ရရှိကြသည်။ UWSAဝတပ်ဖွဲ့တို့ သိမ်းဆည်းခံထားရသော မြေပိုင်ရှင်များမှာ ရှမ်းလူမျိုးများဖြစ်ကြပြီး ၄င်းတို့ကို အစိုးရစစ်တပ်ကလည်း ရှမ်းလက်နက်ကိုင်အဖွဲ့တွေ ကူညီထောက်ပံ့ပေးနေသည်ဟု စွပ်စွဲချက်များဖြင့် ညှင်းပန်းနှိပ်စက်မှုများကြောင့် ဒေသခံရှမ်းလူမျိုးများ မနေရဲကြတောပဲ ထိုင်းနယ်စပ်အနီး လွယ်ကော်ဝမ်းသို့ ရွှေ့ပြောင်းနေထိုင်ကြသည့်လူဦးရေမှာ(၂၅၀၀)ဦးအထိ ရှိသည်။

လွန်ခဲ့သောနှစ်(၂၀)ခန့်က UWSAဝတပ်ဖွဲ့တို့သည် ရှမ်းလူမျိုးများနေထိုင်ရာ မိုင်းကန်း-ထလိုင်းသို့ ချဉ်းနင်းဝင်ရောက်လာပြီး ရှမ်းလူမျိုးများ ရေးအစ်အဆက် လုပ်ကိုင်စားသောက်လာကြသော မြေနေရာများအား အတင်းအဓမ္မသိမ်းယူပြီး တပ်စိုက်ခြင်း အနီးနားဝန်းကျင်ရှိ တောင်ကုန်းများကိုလည်း ခုတ်ထွင်ရှင်းလင်းပြီးရော်ဘာအပင်များအဓိက စိုက်ပျိုးလိုက်ပါတော့သည်။

လွိုင်ကော်ဝမ်းဒုက္ခသည်စခန်း၏ မူလကျေးရွာများတွင် UWSA ဝ စစ်တပ်၏ ပြန်လည်နေရာချထားရေး၏ အကျိုးသက်ရောက်မှု




လွယ်ကော်ဝမ်းမှ စစ်ဘေးရှောင် ဒုက္ခသည်များသည် လုပ်ကိုင်စားသောက်ရန် မြေနေရာအခက်အခဲများနှင့် ကြုံတွေ့နေရုံမကသေးပဲ UWSAဝတပ်ဖွဲ့တို့ကလည်း ချဉ်းနင်းဝင်ရောက်လာပြီး စစ်ဘေးရှောင်ဒုက္ခသည်တို့နေထိုင်ရာအနီး တောင်ကြောတဝိုက်ရှိ မြေနေရာများကိုလည်း ခြေကုပ်သိမ်းယူနေသောကြောင့် ပူးလေးရာ ဖရုံဆင့် အပူပေါ်အပူဆင့်အဖြစ် ကြုံတွေ့နေကြရပါသည်။


RCSS/SSA အဖွဲ့သည် အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး လက်မှတ်ကို ဒီဇင်ဘာ၂၀၁၁ခုနှစ်က ရေးထိုးခဲ့ပြီး ၄င်းဒုက္ခသည်စခန်းမှ စစ်ဘေးရှောင်ဒုက္ခသည်များကလည်း အပစ်အခတ်ရပ်စဲရေး သည်သူတို့အတွက် အကာအကွယ်ပေးလိမ့်မည်ဟု ယုံကြည်သောကြောင့် လုပ်ကိုင်စားသောက်ရာမှာလည်း အရင်ကထက်များစွာ လွယ်ကူလိမ့်မည် ယုံကြည်လျက်ရှိကြသည်။ စိုက်ပျိုးရေးကို ချဲ့ထွင်လုပ်ကိုင်ခဲ့ကြသည်။ သို့သော် UWSAဝတပ်ဖွဲ့အနေဖြင့် လက်မခံပေ။

ဖွန်လ.၂၀၁၂ခုနှစ်မှာ UWSAဝတပ်ဖွဲ့မှအင်အား(50)ခန့် truckကားဖြင့် ဟွေ့အော့ရွာရောက်ရှိပြီး လွယ်ကော်ဝမ်းတပိုက်တွင်လည်း အင်အား(၇၀၀)ဖြင့် အခြေစိုက်နေခဲ့ကြသည်။

RCSS/SSAနှင့်UWSA တို့ နယ်မြေအငြင်းပွားမှုအရေး ဆွေးနွေးကြပြီးနောက် နယ်မြေသတ်မှတ်ခါ နစ်ဖက်စလုံးပြေလည်သွားကြသည်ဟု သိရသည်။ စစ်ဘေးရှောင်ပြည်သူများအနေနဲ့ကတော့ ပိုနေမြဲကျားနေမြဲ ဒေသအတွင်းရှိ ပန်ကွဲပာ့ခေါ် ပန်ဆောဝ်၏မြောက်ဘက်ရှိ လွယ်ကော်ဝမ်းနှင့် ကီလိုမီတာသိပ်မဝေးသော မြေနေရာပေါ်မှ လုပ်ကိုင်စားသောက်ခွင့်ပြုခဲ့သည်။

၂၀၁၃နှင့်၂၀၁၅ခုနှစ်အတွင်း UWSAဝတပ်ဖွဲ့ က ကတိကဝတ်ကိုဖျက်၍ စစ်ဘေးရှောင်သူများကို တားဆီးခဲ့သည်။26.2.2019ခုနှစ်မှာတော့ UWSAဝတပ်ဖွဲ့တို့က ယာခင်းသွားလာခြင်းကို ပိတ်ပင်တာဆီးခဲ့သည့်အတွက် ဒေသခံတို့ စိုက်ပျိုးထားသည့်ဆန်(၁၀၀၀) ကီလို ဆုံးရှုံး ခဲ့သည်။ စစ်ဘေးရှောင်များအတွက် ပုံမှန်ကူညီထောက်ပံ့ပေးနေသည့် အစားအသောက်များရပ်နားခံထားရသဖြင့် လွယ်ကော်ဂမ်းမှ စစ်ဘေးရှောင် သူတို့က းUWSAဝတပ်ဖွဲ့တို့ တားမြစ်ထားသည့်မြေနေရာအနီးအနားအထိသို့ လုပ်ကိုင်စားသောက်နေခဲ့ရသည်။

မိုင်းဆတ်အတွင်း ဒုက္ခသည်စခန်းစိုက်ပျိုးမြေကို UWSA'ဝ'တပ်ဖွဲ့က သိမ်းဆည်း



# တောင်ပိုင်း UWSA အဖွဲ့ဌာနချုပ်၌ နှစ် ၃၀ ပြည့်ပွဲအခမ်းအနားတွင် စည်းကားသိုက်မြိုက်စွာ စစ်အင်အား ထောင်ဂဏန်းပြသ

၁၇.၄.၂၀၁၉ခုနှစ် 'ဝ'ဒေသတွင် အပစ်အခတ်ရပ်စဲရေးနှစ် ၃၀ပြည့်ပွဲကို 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ မြို့တော် ပန်ဆန်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သဖြင့် မီဒီယာများက ဝ မြောက်ပိုင်းကိုသာ အာရုံစိုက် ခဲ့ကြသည်။ တောင်ပိုင်းအခြေစိုက် UWSA ဝရဲ့ ဌာနချုပ်ဖြစ်တဲ့ ဝမ်ဟွေ့အောမှာလည်း ၄င်းနည်းတူ စစ်ရေးပြအခမ်းအနားကို စည်းကားသိုက်မြိုက်စွာ ကျင်းပပြီး စစ်အင်အားကိုလည်း ထောင်ချီဖြင့် ချီတက်ပြသခဲ့ပါသည်။




ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆန်းအတွင်း UWSA "ဝ"စစ်တပ်နှစ် (၃၀) ပြည့် အပစ်အခတ်ရပ်စဲရေးအခမ်းအနားတွင် စစ်အင်အားပြသစဉ်

UWSAပိုင် Channelတခုဖြစ်တဲ့WSTVမှာလည်းUWSA ‘ဝ’တောင်ပိုင်းရဲ့ ထိပ်ပိုင်းခေါင်းဆောင်များကိုလည်း ထုတ်ပြခဲ့သလို (၁၇၁) ရဲ့ ဒုတိယစစ်ဦးစီးခေါင်းဆောင်”ဝေဆူးယင်”ကိုလည်း အမှာစကားတရုတ်လို တက်ရောက်ပြောကြားခဲ့ပါသေးသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တောင်ပိုင်း’ဝ’UWSAရဲ့ စစ်အင်အားမှာ တသောင်း ရှိကြောင်းလည်း သတင်းထုတ်ပြန်ခဲ့ပါသည်။ WSTV Channelမှာ ပြောသည်။





ဝမ်ဟေ့ဒေသတွင် တောင်ပိုင်း UWSA ဝ တပ်ဖွဲ့ ၏ အပစ်အခတ်ရပ်စဲရေး နှစ် (၃၀) ပြည့်အခမ်းအနားကို WSTV ရုပ်မြင်အသံလွှင့်လိုင်းမှ မြင်ရပုံ

၎င်း ‘ဝ’အပစ်အခတ်ရပ်စဲရေး နှစ်၃၀ပြည့်အခမ်းနားပွဲမှာ မြန်မာအစိုးရရဲ့ စစ်ဘက်ဆိုင်ရာခေါင်းဆောင်များ တက်ရောက်ခဲ့ခြင်း မရှိသည့်အပြင် ရှမ်းဒေသခံများလည်း မတက်ကြပေ။ထိုကဲ့သို့’UWSA’ဝတို့မှ စစ်အင်အားကို အများအပြား ထုတ်ပြလိုက်ခြင်းမှာ UWSAတို့သည် ၎င်းတို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနှင့် ထိန်းချုပ်ထားရာဒေသများကို ဘယ်နည်းနဲ့မှ ပြန်လည် လက်လွှတ်ခံတော့မည်မဟုတ် ကြောင်း သက်သေပြခြင်း ဖြစ်ပေသည်။

# ၅။ နိုင်ငံတကာအေဂျင်စီများ၏မြေပုံနှင့်ပတ်သက်ပြီးစိုးရိမ်ပူပန်မှုများ

## ရှမ်း-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမြေပုံစာရင်းမှ ပယ်ဖျက်ခဲ့ခြင်း

စာနပ်ရိက္ခာများကို ဖြတ်တောက်ပြီးခုလအကြာမှာ The Border Consortium (TBC) တို့ကလည်း ထိုင်း မြန်မာနယ်စပ်ရှိစစ်ဘေးရှောင်ဒုက္ခသည်များရဲ့ စခန်းများကို လစဉ်ဖော်ပြသည့် ဒုက္ခသည်စခန်း မြေပုံတွင် မဖော်ပြတော့ပေ။




ဒီဇင်ဘာလ ၂၀၁၇ခုနှစ် TBC ဒုက္ခသည်စခန်း မြေပုံ။




ဇန်နဝါရီ ၂၀၁၈ခုနှစ် TBC ဒုက္ခသည်စခန်း မြေပုံ။

ထိုင်းနယ်စပ်ရှိ စစ်ဘေးရှောင် ရှမ်းဒုက္ခသည်စခန်းကိုလည်း ရှမ်းပြည်ဒုက္ခသည်စခန်းစာရင်း (UNOCHA) မှ ပယ်ဖျက်ခံရခြင်း၊ ဥပမာ-Myanmar: IDP sites in Shan State ( 28 February 2019) မှာ ရှမ်းပြည်မြောက်ပိုင်းမှဒုက္ခonfစခန်းတခုတည်းကိုသာ စာရင်းထုတ်ပြန်ထားသည်ကိုတွေ့ရသောကြောင့်ဖြစ်သည်။


မြေပုံတွင် ပယ်ဖျက်မှုသည် အင်မတန်စိုးရိမ်စရာဖြစ် သည်။ ရှမ်းပြည်ရှိစစ်ဘေးရှောင် ပုံရိပ်ကို မှားယွင်းစွာဖော်ပြထားသည်။ အလှူရှင်တို့ ထောက်ပံ့မှု ဖြတ်တောက်ခြင်းသည် ထိုစစ်ဘေးရှောင်လူထု တည်ရှိမှုကို မဖုံးကွယ်သင့်ပေ။



UNOCHA: ရှမ်းပြည်စစ်ဘေးရှောင် ဒုက္ခသည်စခန်း(အပြာရောင်)

## ပဋိပက္ခကို အထင်မြင်များစေသောမြေပုံ

ကျွန်တော်တို့ တင်ပြသော ရှမ်းပြည်တောင်ပိုင်းရှိ နယ်စပ်တလျှောက် စစ်တပ်ထိန်းချုပ်ရာ အခြေပြမြေပုံနှင့် ဇန်နဝါရီလ ၂၀၁၉ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် "၂၀၁၈ခုနှစ် January ကUNODC Myanmar Opium Survey"တို့ ဖော်ပြ ထုတ်ပြန်ခဲ့သော ပဋိပက္ခဖြစ်ပွားရာပြမြေပုံတို့သည် ကွဲလွဲနေသည်ကို တွေ့ရသည်။




UNODC ၏မြေပုံ၏ကဏ္ဍများ - မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်အဖွဲ့များ၊ ၂၀၁၇-၂၀၁၈ ဘိန်းစိုက်ရာသီ (p. 7 Myanmar Opium Survey 2018 မှ ပုံမြေ)

မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်အဖွဲ့များ၊ ၂၀၁၇-၂၀၁၈ ဘိန်းစိုက်ရာသီမြေပုံမှာ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) သည် လွိုင်တိုင်းလျန်းနှင့် လွိုင်လမ် မှ သံလွင်ဖြစ်အထိ၊ သံလွင်မြောက်ဘက် မှာ မိန်းပန်အထိ တဆက်ထည်းထိန်းချုပ်ရာမြေဧရိယာ အဖြစ် UNODC မြေပုံတွင် ဖေါ်ပြ နေပါသည်။ အမှန်အားဖြင့် ကျွန်တော်တို့၏မြေပုံတွင် ၄င်းနယ်မြေကို အစိုးရစစ်တပ်နှင့် ဝပြည် သွေးစည်းညီညွတ်ရေး တပ် UWSA တို့ ကြီးမားကျယ်ပြန့်စွာ ထိန်းချုပ်ရာ နယ်မြေဖြစ်နေပါသည်။ ကွဲပြားနေငည်။

နယ်စပ်မှ နေရပ်ရှမ်းပြည်အတွင်းသို့ လွတ်လပ်စွာ ပြန်သွားဖို့ မဖြစ်နိုင်သည့်အပြင် တဖက်နှင့်တဖက် တင်းမာမှုဖြစ်နေကြသော လက်နက်ကိုင်အဖွဲ့များတို့က ဝန်းရံထားနေကြသည်၊ ၄င်းစစ်ပြေးဒုက္ခသည် ရှိရာ နယ်စပ်တွင် လုံခြုံရေးအခြေအနေကို ကြီးမားသောများယွင်းစွာတင်ပြ ပချက်ဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း UNODC မြေပုံ တွင် ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် UWSA ချုပ်ရာ မြေပုံသည်ကျွန်တော်တို့၏ မြေပုံများထက်သေးငယ်စွာ ဖော်ပြထားပါသည်။ ဤသည်မှာ ရှမ်းပြည်နယ်အတွင်း ဝပြည် သွေးစည်းညီညွတ်ရေးတပ် UWSA ၏ နယ်မြေတိုးချဲ့ခြင်း ၏စိန်ခေါ်မှုကို မေးမှိန်စေပြီး ငြိမ်းချမ်းရေးအလားအလာမဖြစ်စေသည်ကို ဖော်ပြခြင်းဖြစ်သည်။ ဤစိန်ခေါ်မှုကို လျစ်လျူရှုနေသည်ထက် တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းတွင် ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းရန် အရေးတကြီးလိုအပ်နေပါသည်။

## ၆။ နိဂုံးနှင့် အကြံပြုချက်များ

ကျွန်တော်တို့၏ ဖော်ပြချက်သည် ရှမ်း-ထိုင်းနယ်စပ်တလျှောက်တွင်ရှိ ဒုက္ခသည်စခန်းအတွင်း အိုးမဲ့အိမ်မဲ့လူဦးရေအခြေအနေမှာ လုံခြုံရေးကင်းမဲ့စွာ ပို၍တိုးပွားလာနေပါသည်။ ဒုက္ခသည်စခန်းများ၏ အနီးတဝိုက်တွင် အစိုးရတပ်နှင့် ဝတပ်ဖွဲ့ (UWSA) တို့ စစ်ရေးတည်ဆောက်မှုရှိသည့်အပြင် အစိုးရတပ်က ဆုတ်ခွါမှုမရှိ တိုက်ခိုက်မှုများ ဖြန့်ချီပြီး ဝတပ်ဖွဲ့ UWSAတို့သည်လည်း စစ်ပြေးဒုက္ခသည်များ၏ မြေယာကို ဝင်ရောက်ကျူးကျော်နေပါသည်။

စစ်ဘေးရှောင်များ၏ ယခင်မူလမြေများအတွင်း အစိုးရတပ်နှင့် ဝတပ်ဖွဲ့ UWSA တို့က ဆက်လက်မြေသိမ်းခြင်းနှင့် နယ်မြေတိုးချဲ့ခြင်းသည် နယ်စပ်တလျှောက်ရှိ ခိုလှုံသူနှင့် စစ်ပြေးဒုက္ခသည်များ ယခု နေရပ်အိမ်သို့ပြန်ရန် မဖြစ်နိုင်တဲ့ အခြေအနေတစ်ရပ်ဖြစ်နေပါသည်။
ရှမ်းပြည်နယ်တောင်ပိုင်း တိုင်းရင်းသားအချင်းချင်း ပဋိပက္ခတင်းမာနေမှုကို အခွင့်ကောင်းယူပြီး ဆယ်စုနှစ်ကြာ အစိုးရစစ်တပ်၏ သွေးခွဲအုပ်ချုပ်ရေးမဟာဗျူဟာ ယန္တရားကြီးကို ရပ်တန့်ရန် အရေးတကြီးလိုအပ်နေပါသည်။

တိုင်းရင်းသားအချင်းချင်းရဲ့ကြားကို သပ်လျှိုသွေးခွဲနေသည့် (NCA)လုပ်ငန်းစဉ်ဖြင့် ရှေ့တန်းတင်လုပ်ဆောင်နေမည့်အစား ပဋိပက္ခ၏ အကြောင်းအရင်းအမြစ်ကို ဖြေရှင်းရန် အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဆွေးနွေးပွဲကို ခွင့်ပြုပေးရန်နှင့် စစ်မှန်သော တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး တစ်ရပ်ကို ဖော်ဆောင်သင့်ပါသည်။

ထို့ကြောင့် နိုင်ငံခြားအလှူရှင် နိုင်ငံများအား အောက်ပါအတိုင်း အကြံပြုလိုပါသည်။

**၁။ တိုင်းရင်းသားနယ်မြေအားလုံးအတွင်း စစ်ဆင်ခြင်းနှင့် တိုက်ခိုက်မှုများမှ ရပ်တန့်ရန် အစိုးရတပ်အား ဖိအားပေးရန်၊ သို့မှသာလျှင် အားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ် သစ်ကို စတင်နိုင်မည်။**

**၂။ ရှမ်းပြည် ထိုင်းနယ်စပ်တလျှောက် စစ်ပြေးဒုက္ခသည်များ မူလနေရပ်သို့ ဆန္ဒအလျောက်, ဘေးကင်းလုံခြုံစွာနှင့် နေရပ်အိမ်သို့ စိတ်ချလက်ချ မ ပြန်နိုင် မီ ၄င်းတို့အား အရေးတကြီးလိုအပ်နေသော စားနပ်ရိက္ခာများကို ပြန်လည်ကူညီပေးရန်။**

# နောက်ဆက်တွဲ

**၁၉၉၉ခုနှစ်အတွင်း ဝပြည် သွေးစည်းညီညွတ်ရေးတပ် UWSA  က အတင်းအကျပ် ပြန်လည်နေရာချထားရေး မလုပ်ခင် မိုင်းဆတ်အရှေ့တောင်ဘက်ရှိ မိုင်းကန်း-ထလျန်းတောင်ကြားမြေပြန့်မှ မူလကျေးရွာစာရင်း။**

| အမှတ်စဉ် | ကျေးရွာအုပ်စုအမည် | အိမ်ထောင်စု | လူဦးရေ |
|---|---|---|---|
| က | မိုင်းကန်း | ၂၅၂ | ၁၅၁၂ |
| ခ | ထလျန်း | ၇၈ | ၄၇၁ |
| ဂ | စတုန်း/နားယောင်း | ၈၃ | ၄၉၈ |
| | စုစုပေါင်း | ၄၁၃ | ၂၄၈၁ |

**က။ မိုင်းကန်းကျေးရွာအုပ်စု**

| အမှတ်စဉ် | ကျေးရွာအုပ်စုအမည် | အိမ်ထောင်စု | လူဦးရေ |
|---|---|---|---|
| ၁ | ဝမ်ကန်းနွံ့ | ၅၅ | ၃၉၀ |
| ၂ | ဝမ်ကန်းကန် | ၆၇ | ၄၀၂ |
| ၃ | ဝမ်လုံ | ၇၂ | ၄၃၂ |
| ၄ | ဝမ်ပုံး | ၂၅ | ၁၅၀ |
| ၅ | ဝမ်ပုံကိုင်း; | ၂၃ | ၁၃၈ |
| | စုစုပေါင်း | ၂၄၂ | ၁၅၁၂ |

**ခ။ ထလန်းကျေးရွာအုပ်စု**

| အမှတ်စဉ် | ကျေးရွာအုပ်စုအမည် | အိမ်ထောင်စု | လူဦးရေ |
|---|---|---|---|
| ၁ | ဝမ်ထလန်း | ၄၀ | ၂၄၃ |
| ၂ | ဝမ်ကုန်းမုံ | ၃၈ | ၂၂၈ |
| | စုစုပေါင်း | ၇၈ | ၄၇၁ |

**ဂ။ ဆထုန်း/နားယောင်းကျေးရွာအုပ်စု**

| အမှတ်စဉ် | ကျေးရွာအုပ်စုအမည် | အိမ်ထောင်စု | လူဦးရေ |
|---|---|---|---|
| ၁ | ဝမ်ဆတုန်း | ၂၀ | ၁၂၀ |
| ၂ | ဝမ်မိုင်းဟွမ် | ၂၈ | ၁၆၈ |
| ၃ | ဝမ်နားယောင်း | ၃၅ | ၂၁၀ |
| | စုစုပေါင်း | ၈၃ | ၄၉၈ |